**Shan Women's Action Network**

## မြန်မာနိုင်ငံအတွင်း အကြမ်းဖက်မှုများနှင့် ရင်ဆိုင်နေရသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များ တရားမျှတမှုရရှိရေးအတွက် မေးခွန်းပုစ္ဆာ

## SWAN စွမ်း ၏ သတင်းထုတ်ပြန်ချက်

၂၀၁၆ ခုနှစ် ဧပြီလ (၂၈) ရက်နေ့

အရှိန်အဝါရှိ တရုတ်စီးပွားရေးလုပ်ငန်းရှင် ဦးကျန်ရီကိန်းက စွဲချက်တင်လိုက်သည့် အမှုကိုလက်ခံသည့် အဂတိလိုက်စားမှုရှိသည့် တရားစီရင်ရေးနှင့်ငွေများငွေနိုင်ဘက်လိုက်သော ရှမ်းပြည်မြောက်ပိုင်း၊မူဆယ်မြို့မှ တရားသူကြီး ဦးစည်သူထွန်း၏လုပ်ရပ်အား SWAN မှ မေးခွန်းထုတ်လိုက်သည်။ မူဆယ်မြို့၊ ဟိုမွန်ရပ်ကွက်၊ အိမ်အမှတ် ဟ/၁၄/၁၄ နေ တရုတ်စီးပွားရေးလုပ်ငန်းရှင် ဦးကျန်ရီကိန်း (မှတ်ပုံတင်အမှတ် ၁၃/ကခန (နိုင်) ဂ၄၆၁ဂ၉) သည် ၎င်း၏သားမက်ဖြစ်သူက အသက် (၁၈) နှစ်သာရှိသေးသော ရှမ်းအမျိုးသမီးငယ်အား လိင်ပိုင်းဆိုင်ရာအနိုင်ကျင့်ခဲ့သည့်အပြင် ရက်စက်စွာရိုက်နက်ခဲ့သူဖြစ်သည်။ ဤကိစ္စနှင့်ပတ်သက်၍ ထိရောက်စွာစုံစမ်းစစ်ဆေး၊ အရေးယူ၊ ဆောင်ရွက်ခြင်းများပြုလုပ်ပေးရန် SWAN မှ နှိုးဆော်လိုက်သည်။ မတရားအကြမ်းဖက်မှု အကျူးလွန်ခံရသူများ၏ တရားမျှတမှုရရှိရေးအတွက် အစွန်းကုန်ကြိုးပမ်းပြီး မြန်မာနိုင်ငံအတွင်း တရားဥပဒေစိုးမိုးရေးကို ပြန်လည်တည်ဆောက်ပါရန် အစိုးရသစ်အား SWAN မှ အလေးအနက် တိုက်တွန်းလိုက်သည်။

၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၆ ရက်နေ့ (တန်ဆောင်မုန်းလပြည့်နေ့) တွင် ရှင်းဟွာကုမ္ပဏီ၏ ထမင်းချက်ဖြစ်သူ အသက် (၁၇) နှစ်သာရှိသေးသော ရှမ်းအမျိုးသမီးငယ်အား မောင်လုစိန် (ခ) ထိန်မင်ကြည် (အသက် ၂၄ နှစ်၊ မှတ်ပုံတင်အမှတ် ၁၃/ကဟန (နိုင်) ဂ၁၆၇၄၇) မှ လိင်ပိုင်းဆိုင်ရာအနိုင်ကျင့်ခဲ့သည်။ မောင်လုစိန်သည် မန္တလေးတိုင်းရှိ ရှင်းဟွာကုမ္ပဏီ၏ တာဝန်ခံဖြစ်ပြီး လိင်ပိုင်းဆိုင်ရာအနိုင်ကျင့်မှုမှာ မန္တလေးတိုင်း၊ ရွှေဘိုမြို့ရှိ ရွှေဖြူတည်းခိုခန်းတွင် ဖြစ်ပွားခဲ့သည်။

လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်ပြီးနောက် မောင်လုစိန်မှ မိန်းကလေးအားလက်ထပ်ယူပါမည်ဟု ကတိပေးခဲ့သည်။ မိန်းကလေးမှ သူနှင့်အတူ ၃ လ နေထိုင်ခဲ့ပါသည်၊ ထိုမိန်းကလေးငယ် ကိုယ်ဝန်ရှိလာသောအခါ မိန်းကလေးငယ်၏သဘောတူညီမှုမရှိဘဲ ထိုမိန်းကလေးငယ်အားအားဆေးဟူ၍လှည့်ဖြားပြီး ဆေးသောက်ခိုင်းကာ ကိုယ်ဝန်ပျက်ကျစေခဲ့သည်။ ထို့နောက် သူမအား အိမ်ပြန်စောင့်နေရန်၊ နောက် ၂ လ လောက်တွင် လာရောက်ထိမ်းမြားလက်ထပ်ယူမည်ဖြစ်ကြောင်းပြောခဲ့သည်။ သို့သော် မောင်လုစိန်ရောက် မလာဘဲ ၎င်းမှမိမိတွင် အိမ်ထောင်ရှိပြီးသားဖြစ်သည့်အတွက် လက်ထပ်နိုင်မည်မဟုတ်ကြောင်း ဖုန်းခေါ်ပြောခဲ့သည်။ နစ်နာကြေးအတွက် ကျပ်သိန်း ၄၀၀ ပေးမည်ဟုလည်း ကတိပေးခဲ့သည်။ ထိုကတိလည်း အကောင်အထည်ဖေါ်ပေးခြင်းမရှိခဲ့ပေ။ ထို့ကြောင့် မိန်းကလေးငယ်မှ ထိမ်းမြားလက်ထပ်မည်ဟု စည်းရုံးပြောဆိုကာ လိင်ပိုင်းဆိုင်ရာကျူးလွန်ခဲ့သူ မောင်လုစိန် (ခ) ထိန်မင်ကြည်အား ၎င်းမှတရားစွဲဆိုခဲ့သည်။

ထိုအမှုကြားနာစစ်ဆေးနေစဉ် ၂၀၁၅ ခုနှစ် မေလအစောပိုင်းတွင် မောင်လုစိန်၏ ယောက္ခမဖြစ်သူ ဦးကျန်ရီကိန်းမှ အထက်ပါကိစ္စနှင့်ပတ်သက်၍ ယင်း၏အိမ်သို့လာရောက်ညှိနှိုင်းဖြေရှင်းရန် ဆက်သွယ်ခဲ့သည်။ ၂၀၁၅ ခုနှစ် မေလ ၇ ရက်နေ့ ညနေ ၇ နာရီအချိန်ခန့်၌ ၎င်းအိမ်သို့ ရှမ်းအမျိုးသမီးငယ် ရောက်ရှိ

သွားသည်နှင့် ဦးကျန်ရီကိန်းနှင့် သူ၏မိသားစုဝင်များမှ ခြံတံခါးပိတ်၍ အမျိုးသမီးငယ်အား ရက်စက်ကြမ်းတမ်းစွာ ဝိုင်းဂန်းရိုက်နှက်၍ အဝတ်အစားများ ဆွဲချွတ်ခဲ့ကြသည်။

သူမမှာ အဝတ်ဗလာကိုယ်လုံးတီးနှင့် လွတ်မြောက်လာခဲ့ပြီး ဒေသခံအုပ်ချုပ်ရေးမှူး ဦးစိုင်းဘထွန်းနှင့် ရဲဒု-တပ်ကြပ်ကြီး ဦးညီမန်တို့၏အကူအညီဖြင့် မူဆယ်မြို့နယ်ရဲစခန်းတွင် အမှုဖွင့်တိုင်ကြားခဲ့ရာ ဒုရဲအုပ် ဦးအောင်လင်းမှ အမှုလက်ခံခဲ့သည်။ ၂၀၁၅ ခုနှစ် မေလ ၈ ရက်နေ့တွင် မူဆယ်မြို့နယ် တရားသူကြီး ဦးစည်သူထွန်းမှ ၎င်းအမှုကိုလက်ခံခဲ့ပြီး ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၄၂၇ နှင့် ပုဒ်မ ၃၂၃ တို့ဖြင့် ဦးကျန်ရီကိန်း (မှတ်ပုံတင်အမှတ် ၁၃/ကခန (နိုင်) ဂ၄၆၁ဂ၉) နှင့် ဒေါ်အားရှင် (မှတ်ပုံတင်အမှတ် ၁၃/ကခန (နိုင်) ဂ၈၅၂၄၅) တို့အား စွဲချက်တင်လိုက်သည်။

ထိုအချိန်မှစ၍ တရားရုံး ရုံးချိန်းအကြိမ်ပေါင်း ၃ဂ ကျော်သွားသော်လည်း အမှုလက်ခံခဲ့သည့် ဒုရဲအုပ် ဦးအောင်လင်း ရုံးချိန်းသို့ တကြိမ်မျှရောက်လာခဲ့ခြင်းမရှိသေးပေ။ အမှုကျူးလွန်သူများဖြစ်ကြသော ဦးကျန်ရီကိန်းနှင့် ဒေါ်အားရှင်းတို့ကိုလည်း အမှုစစ်ဆေးခြင်းများပြုလုပ်ခြင်း မရှိသေးပေ။ အခင်းဖြစ်ပွားပြီး တစ်နှစ်နီးပါးအကြာ ၂၀၁၆ ခုနှစ် မတ်လ ၁၄ ရက်နေ့တွင် တရားသူကြီး ဦးစည်သူထွန်းမှ လက်မှတ်ရေးထိုးထားသော ဆင့်ခေါ်စာတစ်စောင်ကို တရားရုံးမှ ရှမ်းအမျိုးသမီးငယ်ထံပေးပို့ခဲ့သည်။ ဦးကျန်ရီကိန်းမှ မိန်းကလေးငယ်အား ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၄၄၇ နှင့် ပုဒ်မ ၄၂၇ တို့ဖြင့် တရားစွဲဆိုထားကြောင်း အကြောင်းကြားသည့်စာဖြစ်သည်။ ဦးစည်သူထွန်း တရားသူကြီးတဦးတည်းမှ အမှုနှစ်ခုလုံးကို ကြားနာစစ်ဆေးနေခြင်းသည် အံ့ဖွယ်၊ မေးခွန်းထုတ်ဖွယ် ဖြစ်နေပါသည်။

မြန်မာနိုင်ငံမှ တရားဥပဒေစိုးမိုးရေးအာဏာပိုင်များ၏ ဝတ္တရားပျက်ကွက်မှုများ၊ မတရားဆက်ဆံမှုများနှင့် ရင်ဆိုင်ခဲ့ရသည့် အမျိုးသမီးငယ်ပေါင်းများစွာရှိနေသည်ဟု SWAN မှယုံကြည်သည်။ အဂတိလိုက်စားသည့် တရားစီရင်ရေးစနစ်၏ မတော်မတရားဆက်ဆံရေးများကိုခံစားခဲ့ရသည့် အမျိုးသမီးများအားလုံးနှင့်အတူ SWAN ရပ်တည်သည်။ မြန်မာနိုင်ငံ၏ တိုင်းရင်းသူရှမ်းအမျိုးသမီးတစ်ဦးအား မြန်မာပြည်တွင်းလာရောက်နေထိုင်သော တရုတ်စီးပွားရေးလုပ်ငန်းရှင်က အကြမ်းဖက်စော်ကားနေခြင်းများကို မြန်မာ့တရားစီရင်ရေးစနစ်မှထိရောက်သည့် အရေးယူမှုများဆောင်ရွက်ပေးရန် ပျက်ကွက်သည့်အပြင် ပြစ်မှုကျူးလွန်သူများအား အားပေးအားမြောက်ပြုရာရောက်သော တရားစီရင်ရေးအလေ့အထများအားလုံးကို SWAN မှ ရှုံ့ချသည်။

ဤကဲ့သို့ တိုင်းတပါးမှ စီးပွားရေးလုပ်ငန်းရှင်များအား တရားစီရင်ရေးစနစ်အပေါ် လွှမ်းမိုးခြယ်လှယ်ခွင့်ပေးခြင်းသည် မင်းမဲ့စရိုက်ဖြစ်ပြီး နိုင်ငံ၏အချုပ်အခြာအာဏာကို ထိပါးစော်ကားခွင့်ပြုနေခြင်းပင်ဖြစ်သည်ဟု SWAN မှတ်ယူသည်။ထို့ကြောင့် အစိုးရသစ်အနေဖြင့် မိမိတို့နိုင်ငံ၏အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ထိပါးနေခြင်းကိုကာကွယ်တားဆီးရန် ငွေရှင်ကြေးရှင်များ ကျူးလွန်နေသည်ကို လစ်လျူရှုထားခြင်း၊ ကျူးလွန်ခွင့်ပေးနေခြင်းများအား စောလျင်စွာရပ်ဆိုင်းရေးကို အရှိန်အဟုန်မြင့်လုပ်ဆောင်ပေးပါရန် အထူးတိုက်တွန်းလိုက်ပါသည်။

ဆက်သွယ်ရန် -
ယိင်းဟာန်ဖ + 66 89 2627848